# ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ် ဟောပြောပွဲ
# အနှစ် (၅၀) မြောက် ကမ္ဘာ့ကုလသမဂ္ဂ ရွှေရတုသဘင်

ဦးဖေခင် (သံအမတ်ကြီး – အငြိမ်းစား)

ကမ္ဘာ့ကုလသမဂ္ဂဟာ ဘာလဲလို့ဆိုရင် ကုလသမဂ္ဂအသင်းဝင်နိုင်ငံသားတွေဖြစ်ကြတဲ့ ကျွန်တော်တို့ပဲ ဖြစ်တယ် လို့ ဆိုရပါမယ်။ ကမ္ဘာ့ကုလသမဂ္ဂနဲ့ ကျွန်တော်တို့ကို ခွဲခြားလို့မရပါဘူး။ ကုလသမဂ္ဂရဲ့အောင်မြင်မှုတွေဟာ ကျွန်တော်တို့ရဲ့ အောင်မြင်မှုများပဲဖြစ်သလို မအောင်မြင်မှုတွေဟာလည်း ကျွန်တော်တို့ရဲ့ မအောင်မြင်မှုများပဲ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအကြောင်းပြောရမယ်ဆိုရင် လွယ်လည်းလွယ်၊ ခက်လည်းခက်တယ်လို့ ဆိုချင်ပါတယ်။ ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတဲ့ သမိုင်းကြောင်းကို ပြန်လည်ပြောကြားဖို့ လွယ်ပါတယ်။ ကျွန်တော်တို့ရဲ့သက်တမ်းအတွင်းမှာ ကမ္ဘာ့စစ်ကြီးနဲ့ နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရပြီး လူသားတွေ အတိဒုက္ခရောက်ခဲ့ကြရပါတယ်။ ပြဿနာတွေ ပေါ်တိုင်း စစ်တိုက်ပြီး ဖြေရှင်းကြမယ်ဆိုရင် ဒီဒုက္ခတွေထဲမှာပဲ တဝဲလည်လည်ဖြစ်နေပြီး ဖွံ့ဖြိုးမှုလုပ်ငန်းတွေ မလုပ်နိုင်ဘဲ ပြန်လည်ထူထောင်နေရတာနဲ့ အချိန်ကုန်နေမှာဖြစ်ပါတယ်။ ဒါကြောင့် နောင်ပေါ်လာတဲ့ ပြဿနာတွေကို အေးချမ်းစွာ ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်အောင် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ဖို့ စိတ်ကူးမိကြပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာ မဟာမိတ်ခေါင်းဆောင်ကြီးများ ဖြစ်ကြတဲ့ အမေရိကန်နိုင်ငံသမ္မတကြီး ရုစဘယ်လ်နဲ့ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီတို့ နှစ်ဦးဟာ အတ္တလန္တိတ်သမုဒ္ဒရာတစ်နေရာ စစ်သင်္ဘောတစ်စင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး "အတ္တလန္တိတ်ချာတာ" ခေါ် ပဋိညာဉ်စာတမ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစာတမ်းမှာ အနှစ်သာရအားဖြင့်–

- ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးလိုလားတဲ့ နိုင်ငံတိုင်းပါဝင်နိုင်မယ့် နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်ဖွဲ့စည်းရန်၊
- ကမ္ဘာ့ပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဆွေးနွေးဖြေရှင်းရန်၊
- နိုင်ငံတစ်နိုင်ငံရဲ့ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရန်၊
- နိုင်ငံတိုင်း မိမိကံကြမ္မာကို မိမိဖန်တီးနိုင်ခွင့်ရှိရန် ဆိုတဲ့ အချက်တွေ ပါရှိပါတယ်။

ဒီမူတွေပါတဲ့ ပဋိညာဉ်စာတမ်းကို အခါအခွင့်ကြုံရင် ကြုံသလို အခြားမဟာမိတ်ခေါင်းဆောင်တွေ မော်စကို၊ တဟီရန်၊ ယော်လတာ အစရှိတဲ့ မြို့တွေမှာ ဆွေးနွေးအတည်ပြုခဲ့ကြပါတယ်။ စစ်ကြီးပြီးကာစ ၁၉၄၅ ခုနှစ်၊ ဇွန်လမှာ အမေရိကန်၊ ဆန်ဖရန်စစ္စကိုမြို့မှာ နိုင်ငံပေါင်း ၅၀ ပါဝင်တဲ့ အစည်းအဝေးကြီးက အဲဒီမူတွေကို အခြေခံပြီး ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း(United Nations Charter)ကို သဘောတူလက်မှတ်ရေးထိုးပြီး အဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်းလိုက်ခြင်း ဖြစ်ပါတယ်။

ကုလသမဂ္ဂအကြောင်းပြောရတာ ခက်တဲ့အပိုင်းကတော့ ပေါ်လာတဲ့ပြဿနာများကို အေးချမ်းစွာ ဆွေးနွေးဖြေရှင်းဖို့ဆိုတဲ့ ရည်ရွယ်ချက် ဘယ်လောက်အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ ဆန်းစစ်တဲ့အခါ ကြုံတွေ့ရတဲ့ အခက်အခဲတွေပဲ ဖြစ်ပါတယ်။ ဘာကြောင့် မအောင်မြင်ရသလဲဆိုတဲ့ အကြောင်းရှာဖွေမယ်ဆိုရင် နိုင်ငံအချို့ရဲ့ ထားရှိတဲ့ နိုင်ငံရေးသဘောတရားနဲ့ ဆက်စပ်နေတာ တွေ့ရပါတယ်။